ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၀၀ကျပ် K 100

# ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၈၇

ဦးသောင်းလွင် နှင့် ဦးသန်းထွေး

တရားလို တရားပြိုင်

တရားလိုအတွက် - ဦးစံတင်၊တရားလွှတ်တော်ရှေ့နေ

တရားပြိုင်အတွက် - ဒေါ်ခင်သီတာလွင်၊တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ၊၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်

တရားလိုက တရားပြိုင်အပေါ် ကျွန်းသစ်လေ/သစ်လွင့် ထုတ်လုပ်ရေး နှစ်ဦးသဘောတူစာချုပ်အရ ကြိုတင်ပေးထားသည့်(အမေရိကန်ဒေါ်လာ ၂၃၇၀၀ နှင့် ညီမျှသော)မြန်မာကျပ်ငွေ ၂၃၉၈၁၉၀၀ ကျပ် ရလိုမှုစွဲဆိုခြင်းဖြစ်သည်။

ဆိုလွှာတွင် တရားလိုနှင့် တရားပြိုင်တို့သည် ၂၈.၁၂.၂၀၁၃ ရက်စွဲပါ ကျွန်းသစ်လေ/သစ်လွင့် ထုတ်လုပ်ရေးနှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုခဲ့ရာတရားပြိုင်၏ Straight Forward International Co.Ltd မှ ထုတ်လုပ်ခွင့်ရသော မကွေးတိုင်း၊ ဂန့်ဂေါဒေသရှိ ကွမ်းဖဲကြိုးဝိုင်းအမှတ် (၆၀၊၆၁) အပတောကြိုးပြင်၊ အကွက်အမှတ်(၈)၊ လောင်ထောင်ကြိုးဝိုင်းအမှတ်(၁၉)တို့မှ ကျွန်းသစ်လေ/သစ်လွင့် ၁၂၈၈တန်နှင့် ချင်းပြည်နယ် သစ်ထုတ်လုပ်ရေး မင်းတပ်နယ်ရှိ ရင်ကွဲတောင်ကြိုးဝိုင်းအကွက်(၁၊၂၊၇၊၈) မှ ကျွန်းသစ်လေ/သစ်လွင့် ၅၀၄ တန်၊ စုစုပေါင်း ၆၃၂ တန်အား တရားလိုသို့ ထုတ်လုပ်၊ စုဆောင်း၊ သယ်ယူ၊ ရောင်းချရန် အတွက် လုပ်ငန်းအပ်နှံခဲ့ကြောင်း၊ သစ်ထုတ်လုပ်ရာတွင် လုပ်ကိုင်ပြီးစီးသည်အထိ ကုန်ကျ စရိတ်အားလုံးကို တရားလိုမှ အကုန်အကျခံဆောင်ရွက်ရမည်ဖြစ်ပြီး အမှန်ထွက်ရှိသော သစ်တန်ပေါ်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၅ ကို တရားပြိုင်သို့အသားတင်ပေးချေမည်ဖြစ်ကြောင်း၊ စုစုပေါင်း သစ်တန်ဘိုး ၏ ၅၀% ဖြစ်သော အမေရိကန်ဒေါ်လာ ၂၃၇၀၀ အား စာချုပ် ချုပ်ဆိုသည့်နေ့တွင်တရားလိုက တရားပြိုင်သို့ ပေးချေပြီးကျန် ၅၀%ကို မြန်မာ့သစ်လုပ်ငန်း နှင့် ကုမ္ပဏီတို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး ဝယ်ယူမည့် အခြားကုမ္ပဏီသို့ Consigning ချိန်းပြီး တစ်ပတ်အတွင်း အကြေပေးချေမည်ဟု သဘောတူလက်မှတ်ရေး ထိုးချုပ်ဆိုခဲ့ကြောင်း၊ ထိုသို့စာချုပ် ချုပ်ဆိုပြီးနောက် တရားလိုသည် ချင်းပြည်နယ်၊ ရင်ကွဲတောင်ကြိုးဝိုင်း သို့ ၃၀.၁၂.၂၀၁၃ ရက်နေ့တွင်လည်းကောင်း၊ ဂန့်ဂေါသစ်ထုတ်လုပ်ရေးဒေသ ကြိုးဝိုင်းများသို့ ၁၅.၁.၂၀၁၄ ရက်နေ့၌လည်းကောင်း၊ ကွင်းဝင်ခွင့်ရရှိ၍ သစ်ထုတ်လုပ်နေစဉ် ၃၀.၁.၂၀၁၄ ရက်စွဲပါစာဖြင့် မြန်မာ့သစ် လုပ်ငန်းမှ ကျွန်းသစ်လေ/သစ်လွင့် ထုတ်လုပ်ခွင့်မပြုတော့ကြောင်း၊ အကြောင်း ကြားလာသဖြင့် လုပ်ငန်း ရပ်ဆိုင်းခဲ့ရပြီး တရားလိုမှ သစ်တန် ၁၃၀ ခန့် ထုတ်လုပ်နိုင်ခဲ့သော်လည်း လက်လွှတ်ဆုံးရှုံးခဲ့ရကြောင်း၊ တရားလို တရားပြိုင်တို့ ချုပ်ဆိုသော ကျွန်းသစ်လေ/သစ်လွင့် နှစ်ဦးသဘောတူစာချုပ်မှာ မြန်မာ့သစ် လုပ်ငန်းနှင့် တရားပြိုင်ကုမ္ပဏီတို့ ချုပ်ဆိုခဲ့သည့် သစ်ထုတ်လုပ်ရေး စာချုပ်များမှ ပေါ်ပေါက်လာသည့် တစ်ဆင့်ခံလုပ်ငန်းစာချုပ်ဖြစ်ရာ လုပ်ငန်းကာလ မကုန်ဆုံးမီ သက်ဆိုင်ရာဌာနမှ ပယ်ဖျက်လိုက်သဖြင့် လုပ်ငန်းဆောင်ရွက်ရန်မဖြစ်နိုင်တော့သည့် အခြေအနေသို့ ဆိုက်ရောက်ခဲ့ပြီး ၎င်းတို့နှစ်ဦးသဘောတူ စာချုပ်မှာလည်းပျက်ပြယ်ခဲ့ရကြောင်း၊ သို့ဖြစ်ရာ တရားပြိုင် ကြိုတင်ရယူထားသော ငွေများကိုပြန်လည် ပေးရမည်ဖြစ်သော်လည်း ပေးဆပ်ခြင်းမရှိ၍ ရှေ့နေမှတဆင့် အကြောင်းကြားစာပေးပို့ တောင်းခံခဲ့ရာ လိုက်လျောနိုင်ခြင်းမရှိကြောင်း ပြန်ကြားခဲ့သဖြင့် ဤအမှုကို စွဲဆိုခြင်းဖြစ် ကြောင်း အဆိုပြုသည်။

တာဝန်ခံမိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူသည်။

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ချေလွှာတွင် တရားပြိုင်ကုမ္ပဏီသည် မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်လုပ်ရေးဌာနနှင့် ၁၉.၁၁.၂၀၁၃ ရက်စွဲပါ သစ်ထုတ်လုပ်ငန်းစာချုပ် ချုပ်ဆိုပြီး ဂန့်ဂေါဒေသမှ ကျွန်းသစ်လေ/သစ်လွင့် ၁၂၈ တန်နှင့် ချင်းပြည်နယ်၊ ရင်ကွဲတောင်ကြိုးဝိုင်းမှ ၅၀၄ တန်၊ စုစုပေါင်း ၆၃၂ တန်အား ကန်ထရိုက်ရရှိခဲ့ ကြောင်း၊ တရားပြိုင်ကုမ္ပဏီက တရားလိုအား ကိုယ်စားလှယ်လွှဲအပ် လုပ်ကိုင်စေခြင်းမဟုတ်ဘဲ လုပ်ငန်းလုပ်ကိုင်ခွင့် ရောင်းချခြင်းသာဖြစ်ကြောင်း၊ ယင်းစာချုပ် ချုပ်ဆိုစဉ်က မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်လုပ်ရေးဌာနနှင့် တရားပြိုင်ကုမ္ပဏီတို့ ၁၉.၁၁.၂၀၁၃ ရက်နေ့တွင်ချုပ်ဆိုသည့် သစ်ထုတ်လုပ်ရေးစာချုပ်အား ပေးအပ်ခဲ့သည့် အပြင် ယင်းစာချုပ်ပါ ကန်ထရိုက်တာမှ ဆောင်ရွက်ရမည့်တာဝန်များကို မပျက်မကွက်ဆောင်ရွက်ရန် တရားလိုက လက်ခံသဘောတူခဲ့ကြောင်း၊ စာချုပ်အရ လုပ်ငန်းကာလမှာ ၂၀၁၃ ခုနှစ် ဖွန်လ မှ ၂၀၁၄ ခုနှစ် မေလ အထိဖြစ်ပြီး တရားလိုသည် ၂၈.၁၂.၂၀၁၃ ရက်စွဲပါ စာချုပ် ချုပ်ဆိုပြီးသည် နှင့် သစ်ကွက်များ အတွင်းဝင်၍ သစ်ထုတ်လုပ် စုဆောင်းခြင်းဖြစ်ကြောင်း၊ တရားလိုသည် မည်မျှထုတ်လုပ် စုဆောင်းထား သည်ကို တရားပြိုင်ကုမ္ပဏီသို့ အကြောင်းကြားအသိပေးခြင်းမရှိသည့်အပြင် သစ်တန် ၁၃၀ ထုတ်လုပ်ခဲ့ ကြောင်းကို တရားလို၏ နို့တစ်စာရမှသာသိရှိခြင်းဖြစ်ကြောင်း၊ တရားပြိုင်ကုမ္ပဏီနှင့် မြန်မာ့သစ်လုပ်ငန်း ဌာနတို့ ချုပ်ဆိုသောစာချုပ်၏ အပိုဒ် ၇ ပါကန်ထရိုက်တာမှဆောင်ရွက်ရမည့် တာဝန်များကို ဆောင်ရွက်ခဲ့ ခြင်းမရှိသဖြင့် တရားလိုဘက်မှ နစ်နာဆုံးရှုံးမှုပေါ်ပေါက်လာရခြင်း ဖြစ်ကြောင်း၊ ၂၈.၁၂.၂၀၁၃ ရက်စွဲပါ စာချုပ်တွင် လုပ်ငန်းကို မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်လုပ်ရေးဌာနမှ ခွင့်ပြုချက်ရုပ်သိမ်းလျှင် တရားလို အား ကြိုတင်ငွေနှင့် သစ်ထုတ်လုပ်ရာတွင် ကုန်ကျစရိတ်များကိုပေးလျော်ပါမည်ဟု ပဋိညာဉ်စည်းကမ်းချက် မပါရှိသဖြင့် တရားလို၏ ဆောင်ရွက်မှုချို့ယွင်းချက်ကြောင့် သစ်ထုတ်လုပ်ငန်းရုပ်ဆိုင်းခြင်းသည် ဤအမှုကို စွဲဆိုရန်အကြောင်းမပေါ်ပေါက်ကြောင်း ချေပခဲ့သည်။

အာဝန်ခံမိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
အာဝန်ခံယူသည်။

အဆိုအချေများအရ အောက်ပါ ရုံးကောက်ချက်များထုတ်နုတ်ခဲ့သည် -

(၁)တရားပြိုင်ကုမ္ပဏီ နှင့် မြန်မာ့သစ်လုပ်ငန်းဌာနတို့အကြားချုပ်ဆိုထားသော စာချုပ်ပါကန်ရိုက် တာမှ ဆောင်ရွက်ရမည့်တာဝန်များကို တရားလိုက ဆောင်ရွက်ခြင်းမရှိသဖြင့် မြန်မာ့သစ်လုပ် ငန်းမှ သစ်ထုတ်လုပ်ငန်း ရုပ်ဆိုင်းခဲ့ခြင်းဖြစ်၍ တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်ဆိုခြင်း မှန်သလား၊

(၂)တရားလိုနှင့် တရားပြိုင်တို့ချုပ်ဆိုခဲ့ကြသည့် ၂၈.၁၂.၂၀၁၃ ရက်စွဲပါ သစ်ထုတ်လုပ်ငန်းစာချုပ် ကာလ မကုန်ဆုံးမီ မြန်မာ့သစ်လုပ်ငန်းမှ သစ်ထုတ်လုပ်လုပ်ငန်း ရုပ်ဆိုင်းခဲ့သောကြောင့် အဆိုပါ စာချုပ်သည် ပျက်ပြယ်သည့်စာချုပ်ဖြစ်သည် ဆိုခြင်းမှန်သလား၊

(၃)တရားလိုနှင့် တရားပြိုင်တို့ ချုပ်ဆိုခဲ့သည့် ၂၈.၁၂.၂၀၁၃ ရက်စွဲပါ စာချုပ်သည် လုပ်ငန်းကာလ မတိုင်မီ ပျက်ပြယ်ခဲ့သဖြင့် တရားပြိုင်မှ ယင်းစာချုပ်အရ ကြိုတင်ယူထားသော ငွေကျပ် ၂၃၃၉၁၉၀၀ ကို တရားလိုသို့ ပြန်ပေးရမည်ဆိုခြင်း မှန်သလား၊

သို့မဟုတ်

အဆိုပါစာချုပ်တွင် လုပ်ငန်းဆက်လက် လုပ်ကိုင်ခွင့်မရလျှင် ပေးထားသည့် ငွေများနှင့်ကုန်ကျ စရိတ်များကို တရားပြိုင်ကုမ္ပဏီက ပြန်လည်ပေးလျော်ပါမည်ဟု ပဋိညာဉ်ပြုချက်မပါသဖြင့် တရားလိုအနေဖြင့် ပေးထားသောငွေများနှင့် ကုန်ကျစရိတ်ငွေများ ရထိုက်ခွင့်မရှိဆိုခြင်း မှန်သလား၊

(၄)တရားလိုသည် မည်သည့် သက်သာခွင့်ရထိုက်သနည်း၊

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ကောက်ချက်(၁)

တရားပြိုင်ကုမ္ပဏီနှင့် မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်လုပ်ရေးဌာနတို့သည် ဂန့်ဂေါသစ်ထုတ်လုပ်ငန်းဒေသမှ ကျွန်းသစ်လေ/သစ်လွင့် ၁၂၈ တန်ကိုလည်းကောင်း၊ ကလေးသစ်ထုတ်လုပ်ရေးလုပ်ငန်းဒေသမှ ကျွန်းသစ်လေ/သစ်လွင့် ၅၀၄ တန်ကိုလည်းကောင်း၊ ထုတ်လုပ်ရန်အတွက် ၁၉.၁၁.၂၀၁၃ ရက်စွဲပါ သက်သေခံ(ဂ)(ဃ) စာချုပ်များ ချုပ်ဆိုခဲ့ကြသည်။ အဆိုပါ သစ်များထုတ်လုပ်ရန် တရားပြိုင်ကုမ္ပဏီက တရားလိုအား ထုတ်လုပ်၊ စုဆောင်း၊ သယ်ယူ၊ ရောင်းချရန်အတွက် လုပ်ငန်းအပ်နှံကာ ၂၈.၁၂.၂၀၁၃ ရက်စွဲပါ ကျွန်းသစ်လေ/သစ်လွင့်ထုတ်လုပ်ရေး နှစ်ဦးသဘောတူစာချုပ် သက်သေခံ(က)ကိုချုပ်ဆိုပြီး တရားပြိုင်ကုမ္ပဏီက တရားလိုအား သက်သေခံ(ခ)စာဖြင့် ကိုယ်စားလှယ်လွှဲအပ်သဖြင့် တရားလိုက သစ်ထုတ်လုပ်ငန်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထွက်ရှိလာသော သစ်တန်အပေါ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၅ ဒေါ်လာနှုန်းဖြင့် တရားလိုက တရားပြိုင်သို့ပေးချေရန်သဘောတူပြီး အမေရိကန်ဒေါ်လာ ၂၃၇၀၀ အတွက် ငွေကျပ် ၂၃၃၉၁၉၀၀ ကျပ်ကို စာချုပ် ချုပ်ဆိုသည့်နေ့တွင် တရားပြိုင်သို့ ပေးချေခဲ့သည်။ တရားလိုသည် သစ်ထုတ်လုပ်ရန်အတွက် ၃၁.၃.၂၀၁၄ ထိကွင်းဝင်ခွင့်ပြုမိန့်ရရှိသဖြင့် သစ်ထုတ်လုပ်ငန်းစတင်လုပ်ကိုင်ခဲ့ရာ ခွင့်ပြုသည့်ကာလမကုန်မီ သစ်ထုတ်လုပ်ခွင့် မပြုတော့ကြောင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ၃၁.၁.၂၀၁၄ ရက်စွဲပါ သက်သေခံ(ဈ)စာဖြင့် အကြောင်းကြားသဖြင့် သစ်ထုတ်လုပ်ခွင့်ရပ်ဆိုင်းခဲ့ရသည်။ယင်းအချက်များသည်တရားလိုနှင့်တရားပြိုင်တို့အကြားတွင် အငြင်းမပွားသောအချက်များဖြစ်သည်။

တရားပြိုင်က ၎င်းတို့ကုမ္ပဏီနှင့် မြန်မာ့သစ်ထုတ်လုပ်ရေးဌာနတို့အကြား ချုပ်ဆိုထားသော စာချုပ်၏အပိုဒ် ၇ ပါ ကန်ထရိုက်တာမှ ဆောင်ရွက်ရမည့်တာဝန်များကို တရားလိုက ဆောင်ရွက်ခြင်း မရှိသဖြင့် တရားလိုဘက်မှ နစ်နာဆုံးရှုံးမှုပေါ်ပေါက်ခြင်းဖြစ်ကြောင်း၊ တရားလိုဆောင်ရွက်မှုချို့ယွင်းခြင်းကြောင့် သစ်ထုတ်လုပ်ငန်းရပ်ဆိုင်းခြင်းမှာ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ကြောင်း ချေပခဲ့သည်။

တာဝန်ခံမိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ယူသည်။

ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်းထွန်း(လိုပြ ၁)၊ တောအုပ်ကြီး ဦးမြင့်ဝင်း(လိုပြ ၃) ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်း(နောက်တိုးသက်သေ) ၊ မန်နေဂျာ ဦးဦးသန်းမြင့်(ပြိုင်ပြ ၄)၊ တို့၏ထွက်ချက်များအရ မည်သည့်အကြောင်းကြောင့် သစ်ထုတ်လုပ်ခွင့်ကို ပိတ်သိမ်းခဲ့သည်ကိုမသိကြောင်း၊ တရားလိုမှ သစ်ထုတ်လုပ်စဉ် စည်းကမ်းဖောက်ဖျက်မှုရှိသည်ဟု တိုင်ကြားမှုမျိုးလည်း ကြားသိခြင်းမရှိကြောင်း ထွက်ဆိုထားသည်။ တရားပြိုင် ဦးသန်းထွေးကလည်း သစ်ထုတ်လုပ်ခွင့် မည်သည့်အကြောင်းကြောင့် ပိတ်ခဲ့ကြောင်းကို မသိကြောင်း၊ စုံစမ်း၍လည်းမရကြောင်းထွက်ဆိုထားရာ တရားလို၏ဆောင်ရွက်မှုချို့ယွင်းခြင်းကြောင့် သစ်ထုတ်လုပ်ငန်းရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း သက်သေထွက်ချက်များအရ ထင်ရှားပေါ်ပေါက်ခြင်းမရှိပေ။

တရားလိုအနေဖြင့် ထိုကဲ့သို့ သစ်ထုတ်လုပ်ခွင့် ရပ်ဆိုင်းခံရပြီး သစ်ထုတ်ခွင့်မရခဲ့သောကြောင့် တရားပြိုင်သို့ ပေးချေခဲ့သည့် ငွေကျပ် ၂၃၃၉၁၉၀၀ ကျပ်ပြန်လည်ရလိုကြောင်းဖြင့် ဤအမှုကိုစွဲဆိုခြင်းဖြစ်သည်။ သစ်ထုတ်လုပ်ခွင့် ပိတ်သိမ်းခံရခြင်းမှာလည်း တရားလို၏ စည်းကမ်းဖောက်ဖျက်မှုကြောင့် ရပ်ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခြင်းမရှိသည့် အခြေအနေတွင် တရားလိုအနေဖြင့် တရားစွဲရန်အကြောင်းပေါ်ပေါက်မည်ဖြစ်သည်။

ထို့ကြောင့် တရားပြိုင်ကုမ္ပဏီ နှင့် မြန်မာ့သစ်ထုတ်လုပ်ရေးဌာနတို့အကြား ချုပ်ဆိုထားသော ကန်ထရိုက်တာမှ ဆောင်ရွက်ရမည့်တာဝန်များကို တရားလိုက ဆောင်ရွက်ခြင်းမရှိသဖြင့် မြန်မာ့သစ်ထုတ်လုပ်ငန်းမှ လုပ်ငန်းရပ်ဆိုင်းခဲ့ခြင်းဖြစ်၍ တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ဆိုခြင်းမှာ မမှန်ကန်ကြောင်း ဤကောက်ချက်ကို ဖြေဆိုလိုက်သည်။

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ကောက်ချက်(၂)

တရားပြိုင်ကုမ္ပဏီ နှင့် မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်ရေးဌာနတို့သည် ဂန့်ဂေါ နှင့် ကလေး သစ်ထုတ်လုပ်ရေးဒေသမှ ကျွန်းသစ်လေလွင့် ထုတ်လုပ်ရန် ၁၉.၁၁.၂၀၁၃ ရက်စွဲပါ သက်သေခံ(ဂ)(ဃ)စာချုပ်များချုပ်ဆိုခဲ့ကြောင်း၊ အဆိုပါသစ်များထုတ်လုပ်ရန်အတွက် တရားပြိုင်ကုမ္ပဏီ နှင့် တရားလိုတို့သည် ၂၈.၁၂.၂၀၁၃ ရက်စွဲပါ သစ်ထုတ်လုပ်ရေး သဘောတူစာချုပ် သက်သေခံ(က)ချုပ်ဆိုခဲ့ကြောင်း ပေါ်ပေါက်သည်။

အဆိုပါစာချုပ်များအရ လုပ်ငန်းကာလမှာ ၂၀၁၄ မေလအထိ ဖြစ်ပြီး၊ သက်သေခံ(ဇ) ကွင်းဝင်ခွင့်ပြုမိန့် အရ ၃၁.၃.၂၀၁၄ အထိဖြစ်ကြောင်း တွေ့ရှိရသည်။

တရားလိုသည် ကွင်းဝင်ခွင့်ပြုမိန့်များရရှိ၍ သစ်များထုတ်လုပ်နေစဉ် သစ်တောဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၃၁.၁.၂၀၁၄ ရက်စွဲပါစာအမှတ် လင/အခ/၀၀၇၆(၁၄၀၅/၂၀၁၄) သက်သေခံ(ဈ)စာဖြင့် ထုတ်လုပ်ခွင့်အား ခွင့်မပြုကြောင်း အကြောင်းကြားသဖြင့် သတ်မှတ်ကာလမပြည့်မီ သစ်ထုတ်ခွင့် ရပ်ဆိုင်းခဲ့ရကြောင်း သက်သေခံချက် နှင့် အထောက်အထားများထင်ရှားသည်။ ထိုသို့ သစ်ထုတ်လုပ်ခွင့်အား ခွင့်မပြုဘဲ ပိတ်သိမ်းခဲ့ခြင်းမှာ တရားလို၏ စည်းကမ်းဖောက်ဖျက်မှုကြောင့်ဖြစ်ကြောင်းလည်း ပေါ်ပေါက်ခြင်းမရှိပေ။ သစ်တောဝန်ကြီးဌာနမှ ထုတ်လုပ်ခွင့်ကို သတ်မှတ်ကာလမတိုင်မီ ပိတ်သိမ်းခဲ့သည်ကို ၎င်းလုပ်သက်တွင် မကြုံဘူးကြောင်း မန်နေဂျာ ဦးဦးသန်းမြင့် (ပြိုင်ပြ ၄)က ထွက်ဆိုထား သည်။

ပဋိညာဉ်တစ်ခုသည် မည်သည့်အခါပျက်ပြယ်ကြောင်း ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆ တွင် ပြဋ္ဌာန်းထားသည်၊ ပဋိညာဉ်တစ်ခုသည် မူလချုပ်ဆိုစဉ်က တရားဥပဒေနှင့်ညီညွတ်သည့် ပဋိညာဉ်ဖြစ်လင့်ကစား နောက်ပိုင်း နှစ်ဦးနှစ်ဘက်လုံး ရည်ရွယ်ချက်မရှိသည့် မမျှော်လင့်သော အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်လာသဖြင့် ပဋိညာဉ်ကို ဆောင်ရွက်ခြင်းမပြုနိုင်သည့် အခြေသို့ဆိုက်ရောက်လျှင် အဆိုပါ ပဋိညာဉ်သည် ပျက်ပြယ်သည့် ပဋိညာဉ်ဖြစ်သည် ဟု ကောက်ယူရပေမည်။ မြန်မာ့သစ်လုပ်ငန်းအဖွဲ့ နှင့် ဒေါ်သောင်းရင်ပါ၂ အမှု [1] ကိုရည်ညွှန်းသည်။

တာဝန်ခံမိတ္တူမှန်
စစ်ဆေးပြီးမှန်ကန်ကြောင်း
တာဝန်ခံယူသည်။

ထို့ကြောင့် တရားလိုနှင့် တရားပြိုင်တို့ချုပ်ဆိုထားကြသည့် ၂၈.၁၂.၂၀၁၃ ရက်စွဲပါ သစ်ထုတ်လုပ်ငန်းစာချုပ်ကာလမကုန်ဆုံးမီ မြန်မာ့သစ်လုပ်ငန်းမှ သစ်ထုတ်လုပ်ငန်းရပ်ဆိုင်းခဲ့သောကြောင့် အဆိုပါစာချုပ်သည် ပျက်ပြယ်သည့်စာချုပ်ဖြစ်သည်ဆိုခြင်း မှန်ကန်ကြောင်း ဤကောက်ချက်ကို ဖြေဆိုလိုက်သည်။

ကောက်ချက်(၃)

တရားလိုနှင့် တရားပြိုင်တို့ချုပ်ဆိုခဲ့သည့် ၂၈.၁၂.၂၀၁၃ ရက်စွဲပါ ကျွန်းသစ်လေ/သစ်လွင့် ထုတ်လုပ်ရေး နှစ်ဦးသဘောတူစာချုပ်တွင် တရားလိုအား ထုတ်လုပ်၊ စုဆောင်း၊ သယ်ယူ၊ ရောင်းချရန် အတွက် လုပ်ငန်းအပ်နှံကြောင်း၊ထိုသို့ ထုတ်လုပ်ရာတွင်လုပ်ငန်းပြီးစီးသည်အထိ ကုန်ကျစရိတ်အားလုံးကို လုပ်ငန်းလက်ခံသူ(တရားလို)က အကုန်အကျခံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းအားလုံးအတွက် ထုတ်လုပ်ရရှိသည့် အမှန်ထွက်ရှိသော သစ်တန်ပေါ်တွင် တရားပြိုင်ကုမ္ပဏီသို့ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၅ ဒေါ်လာ အသားတင်ပေးချေရမည်ဖြစ်ကြောင်း၊ စာချုပ် ချုပ်ဆိုသည့်နေ့တွင် အမေရိကန်ဒေါ်လာ ၂၃၇၀၀ အား ၁ ဒေါ်လာလျှင် ၉၈၇ ကျပ်နှုန်းဖြင့် ပေးချေသည်ကို လက်ခံရရှိကြောင်းဖော်ပြထား

---

၁။ ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊စာ ၉၉

အခွင့်ရအရာရှိ
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ပြီး တရားပြိုင်ကိုယ်တိုင် ငွေကျပ် ၂၃၃၉၁၉၀၀ ကျပ် ရယူခဲ့ကြောင်း ဝန်ခံထွက်ဆိုထားရာ တရားပြိုင်သည်အကျိုးအမြတ်ငွေကျပ် ၂၃၃၉၁၉၀၀ ကျပ် လက်ခံရယူခဲ့ကြောင်းထင်ရှားသည်။

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၆၅ တွင် ပဋိညာဉ်ပျက်ပြယ်သွားလျှင် ပဋိညာဉ်အရ မည်သည့်အကျိုးအမြတ်ကိုမဆို ရယူထားသူသည် မိမိအား အကျိုးအမြတ်ရရှိစေသောသူကို ပြန်ပေးရန် သို့မဟုတ် အကျိုးအမြတ်အတွက် လျော်ကြေးပေးရန် တာဝန်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ တရားလို တရားပြိုင်တို့၏ သစ်ထုတ်လုပ်ငန်းပဋိညာဉ်သည် သစ်တောဦးစီးဌာန ၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ " ထုတ်လုပ်ခွင့်အား ခွင့်မပြုကြောင်း အကြောင်းကြားချက် " အရ သစ်ထုတ်လုပ်ရန် မဖြစ်နိုင်တော့ရာ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၆၅အရ ကြိုတင်ပေးထားသောငွေကျပ် ၂၃၃၉၁၉၀၀ ကျပ်အား တရားပြိုင်က တရားလိုသို့ ပြန်ပေးရန် တာဝန်ရှိပေသည်။ ဒေါက်တာ မောင်ကို နှင့် ဦးဝင်းမြင့်ပါ၂ အမှု[၂] ကိုကြည့်ပါ။

တရားလို နှင့် တရားပြိုင်တို့ ချုပ်ဆိုခဲ့သည့် သစ်ထုတ်လုပ်ရေးသဘောတူစာချုပ်တွင် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရလျှင် ပေးထားသည့် ငွေများနှင့် ကုန်ကျစရိတ်များကို တရားပြိုင်ကုမ္ပဏီက ပြန်လည်ပေးလျော်ပါမည် ဟု ပဋိညာဉ်ပြုချက်မပါသဖြင့် တရားလိုအနေဖြင့် ပေးထားသော ငွေများနှင့် ကုန်ကျစရိတ်များကို ရထိုက်ခွင့်မရှိကြောင်း ချေပထွက်ဆိုထားသည်။ ယင်းစာချုပ်တွင် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရလျှင် ပေးထားသောငွေများကို ပြန်လည်ပေးလျော်ပါမည် ဟု ပဋိညာဉ်ပြုချက်မပါသကဲ့သို့ ပေးထားသောငွေများကို အဆုံးရှုံးခံပါမည်ဟုလည်း ပဋိညာဉ်ပြုချက်မပါပေ။ ဥပဒေအရ ပေးရန်တာဝန်ရှိသည်ကို ပဋိညာဉ်တွင် မပါဆိုသော အကြောင်းမျှဖြင့် ကင်းလွတ်ခွင့်ရမည်မဟုတ်ပေ။ သို့ဖြစ်ရာ ပဋိညာဉ်တွင် အလျော်အစားမပါသဖြင့် ပေးလျော်ရန် တာဝန်မရှိကြောင်း တရားပြိုင်ရှေ့နေ၏ တင်ပြချက်ကို လက်ခံရန်အကြောင်းမရှိပေ။

မူရင်းနှင့်မိတ္တူမှန်ကန်ကြောင်း စစ်ဆေးပြီး မှန်ကန်ကြောင်းစီရင်ချက်မိတ္တူ (margin note)

ထို့ကြောင့် တရားလို နှင့် တရားပြိုင်တို့ချုပ်ဆိုခဲ့သည့် ၂၈.၁၂.၂၀၁၃ ရက်စွဲပါ စာချုပ်သည် လုပ်ငန်းကာလမကုန်မီ ပျက်ပြယ်ခဲ့သဖြင့် တရားပြိုင်က ကြိုတင်ယူထားငွေကျပ် ၂၃၃၉၁၉၀၀ ကျပ်ကို တရားလိုသို့ ပြန်ပေးရမည်ဆိုခြင်း မှန်ကန်ကြောင်း ၊ အဆိုပါ စာချုပ်တွင် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရလျှင် ပေးထားသည့် ငွေများနှင့် ကုန်ကျစရိတ်များကို တရားပြိုင်ကုမ္ပဏီက ပြန်လည်ပေးလျော်ပါမည်ဟု ပဋိညာဉ်ပြုချက်မပါသဖြင့် တရားလိုအနေဖြင့် ပေးထားသော ငွေများနှင့် ကုန်ကျစရိတ်များ ရထိုက်ခွင့်မရှိဆိုခြင်းမှာ မမှန်ကန်ကြောင်း ဤကောက်ချက်ကို ဖြေဆိုလိုက်သည်။

**ကောက်ချက်(၄)**

ကောက်ချက်(၁)(၂)(၃)တို့၏ အဖြေများကြောင့် တရားလိုသည် ၎င်းတောင်းဆိုသော သက်သာခွင့်ကို ရထိုက်ခွင့်ရှိကြောင်း ဤကောက်ချက်ကို ဖြေဆိုလိုက်သည်။

ထို့ကြောင့် တရားပြိုင်သည် တရားလိုသို့ ငွေကျပ် ၂၃၃၉၁၉၀၀ ကျပ်ကို စရိတ်နှင့်တကွပေးစေ ရန် ဒီကရီချမှတ်သည်။

ရှေ့နေစရိတ် ၃၀၀၀ ကျပ်သတ်မှတ်သည်။

( ကြူကြူဝင်း )
တွဲဖက်ခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

[၂] ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး ၊ စာ ၁

မိတ္တူမှန်ကန်ကြောင်းလက်မှတ်
အမှုမှတ်ချက်ရှိ
ရန်ကုန်တိုင်းဒေသကြီး